Special Limitation + Fixation of Interest Act 1950 (Act No XIX of 1950)

# ၁၉၅၀ ပြည့်နှစ်၊ အထူးကာလစည်းကမ်းသတ်နှင့်အတိုး ကန့်သတ်ရေး အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၉။] (Act No XIX of 1950)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့၌ အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။သောင်းကျန်းသူများ၏ လက်တွင်းသို့ကျရောက်သောမည်သည့် အရပ်ဒေသတွင်မဆို၊ တရားမရုံးများသည်၊ တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တ ရပ်သိမ်းသည့်နေ့မှစ၍၊ နိုင်ငံတော် သမတက ထိုအရပ်ဒေသအတွက် အမိန့်ထုတ်ပြန်သတ်မှတ်သည့် နေ့အထိ၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၄ ၏ အနက်အဓိပ္ပါယ်အရ၊ ပိတ်ထားသည်ဟု မှတ်ယူရမည်။

၃။ ။တည်ဆဲ အခြား ဥပဒေ တရပ်ရပ်တွင်သော်၎င်း၊ ငွေချေး ပဋိညာဉ် တခုခုတွင်သော်၎င်း၊ အပေါင်စာချုပ် တခုခုတွင်သော်၎င်း၊ မည်သို့ပင် ပါရှိစေကာမူ၊ မည်သည့် အရပ်ဒေသတွင်မဆို၊ တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တ ရပ်သိမ်းခြင်း မပြုမီက ထုတ်ပေးသော ချေးငွေပေါ်တွင်ဖြစ်စေ၊ ပေါင်နှံသည့် ပစ္စည်း၏ အမြတ် အစွန်းကို ခံစားစေရန် ပေါင်နှံခြင်း (Usufructuary mortgage) မှတပါး၊ အခြားနည်း ပေါင်နှံခြင်းပေါ်တွင်ဖြစ်စေ၊ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တ ရပ်သိမ်းသည့်နေ့မှ၊ နိုင်ငံတော်သမတက ပုဒ်မ ၂ အရ ထိုအရပ် ဒေသ အတွက် သတ်မှတ်သည့် နေ့အထိ၊ ကာလ အပိုင်းအခြားအတွက် အတိုးပေးဆောင်ရန် မထိုက်သင့်စေရ။

၄။ ။တည်ဆဲ အခြားဥပဒေ တရပ်ရပ်၏ ပြဋ္ဌာန်းချက်များအနက်၊ ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်တခုခုနှင့် မညီညွတ်သော ပြဋ္ဌာန်းချက်သည်၊ အတည်မဖြစ်၊ ပျက်ပြယ်ရမည်။

G.U.B.C.P.O.—No. 121, Min. of J. A., 18-4-50—1,500—II.

Price,—One Anna.]